မွတ်စ်လင်မ်ဆိုသည်မှာ အခြားမွတ်စ်လင်မ်များအား

မိမိ၏နှုတ်လျှာနှင့် လက်၏အန္တရာယ်မှကင်းစေသူဖြစ်သည်။မုဟုဂျိရ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်

တားမြစ်ထားသောအရာများကို ရှောင်ကြဉ်သူဖြစ်သည်။

အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ် (ရဿွိယလ္လာဟုအန်ဟုမာ)ကတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံမှ ဆင့်ပြန်ခဲ့သည်။
မွတ်စ်လင်မ်ဆိုသည်မှာ အခြားမွတ်စ်လင်မ်များအား မိမိ၏နှုတ်လျှာနှင့်
လက်၏အန္တရာယ်မှကင်းစေသူဖြစ်သည်။ မုဟုဂျိရ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်တားမြစ်ထားသောအရာများကို ရှောင်ကြဉ်သူဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် အစ္စလာမ့်တရားတော်ကိုပြည့်ဝစွာလိုက်နာသူ မွတ်စ်လင်မ်ဟူသည် အခြားမွတ်စ်လင်မ်များအား မိမိ၏နှုတ်လျှာနှင့်လက်၏အန္တရာယ်မှကင်းစေပြီးသူတစ်ပါးအား ဆဲရေးတိုင်းထွာခြင်းလည်းမပြု၊ကျိန်ဆဲခြင်းလည်းမပြု၊ နောက်ကွယ်အတင်းပြောခြင်းလည်းမပြု၊ မိမိနှုတ်လျှာဖြင့်အခြားသူများဒုက္ခရောက်စေမည့် မည်သည့်ကိစ္စရပ်ကိုမဆိုကျူးလွန်ခြင်းလည်းမရှိသောသူဖြစ်သည်။ ထို့ပြင် မိမိ၏လက်ဖြင့်အခြားသူများအားကျူးလွန် စော်ကားခြင်းလည်းမပြု၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာများအား မတရားသိမ်းယူခြင်းစသည့် မကောင်းသော အပြုအမူများကိုလည်း မပြုပေ။ မုဟုဂျိရ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်တားမြစ်ထားသောအရာများကို ရှောင်ကြဉ်သူဖြစ်သည်။

https://sunnah.global/hadeeth/my/show/10101